တုံးဗျောင်းကျေးရွာ

မြိတ်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ - ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တုံးဗျောင်းကျေးရွာ၊ မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်နှင့်

ကျေးရွာဖွံ့ဖြိုးရေးကော်တီတို့ကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ဇန်နဝါရီလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	တုံးဗျောငယ်ကျေးရွာ သယံဇာတပြဓေပုံ၊ မြိတ်မြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၉
	(ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး	၉
	(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၉
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၁၀
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၀
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၁
၆။	**ပညာရေး**	၁၁
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၂
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၂
၉။	**ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၃
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၄
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၇
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၈
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၅
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၆၁
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၃
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၅

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည် တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဇန်နဝါရီလ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


တံုးဗျောင်ယ်ကျေးရွာ

မြိတ်မြို့နယ်

တုံးဗျောင်းကျေးရွာ ကျေးရွာ သယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်



တုံးဗျောင်းကျေးရွာ Seasonal Calendar



တုံးဗျောငယ်ကျေးရွာ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

တုံးဗျောင်ယံကျေးရွာသည် တုံးဗျောကျေးရွာအုပ်စုတွင် ပါဝင်ပြီး မြိတ်မြို့နယ်၏ တောင်ဘက်အစွန်းပိုင်း၊ မြောက်လတ္တီကျူ၁၅° ၃၄' ၁၅"နှင့် ၉၅° ၄၅' ၂၅" အကြား အရှေ့လောင်ဂျီကျူ၁၅° ၂၆' ၄၀"နှင့် ၁၀၀° ၅၀' ၅၃" အကြားတွင် တည်ရှိပါသည်။ အရှေ့မှအနောက်သို့ (၁.၅)မိုင်နှင့် တောင်မှမြောက်သို့ (၁)မိုင်ရှည်လျားပါသည်။ မြိတ်မြို့မှ (၃၀)မိုင် ကွာဝေးပါသည်။ တုံးဗျောင်ယံကျေးရွာ၏ ဧရိယာမှာ(၂.၅) စတုရန်းမိုင် ကျယ်ဝန်းပါသည်။ တုံးဗျောကျေးရွာအုပ်စု၏ အရှေ့ဘက်တွင် ဆန်းသစ်ကျေးရွာနှင့် ဇဝဲကျေးရွာအုပ်စု၊ အနောက်ဘက်တွင် သပြေပင်ကျေးရွာနှင့် သထာကျေးရွာအုပ်စု၊ အရှေ့တောင်ဘက်တွင် တနင်္သာရီမြို့နယ်၊ မြောက်ဘက်တွင် မွေ့ရောင်ကျေးရွာတို့နှင့် ဆက်စပ်လျက်ရှိပါသည်။ကျေးရွာ၏ အရှေ့ဘက်နှင့်အနောက်ဘက်တွင် တောင်ကုန်း တောင်တန်းများရှိပြီး မြေပြန့်လွင်ပြင်နှင့် လယ်ကွင်းများရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

တုံးဗျောင်ယံကျေးရွာတွင် ပူအိုက်စိုစွတ်သောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် (၃၄)ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်(၁၉)ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ သဘာဝ အရင်းအမြစ်များမှာပန်းတည်း၊ တည်း၊ သစ်ယား၊ လေသရက်၊ တကူ၊ ပိတောက်၊ သပြေပင်များနှင့် အခြားသစ်ပင်များစွာပေါက်ရောက်လျက်ရှိပါသည်။ တောရိုင်းတိရိစ္ဆာန်များမှာ တောကြောင်၊ ဆစ်၊ စပါးကြီးမြွေ၊ သင်းခွေချပ်၊ ကျီး၊ တောကြက်၊ တောဝက်နှင့် အခြားတိရိစ္ဆာန်များစွာရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

တုံးဗျောင်ယံကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ အသင့်တင့်ရှိပါသည်။ ကျေးရွာ၏လူမှုရေး၊ပညာရေး၊ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ ကျေးရွာအတွင်းအဖွဲ့အစည်းများဖွဲ့စည်းထားရှိပါသည်။ ထိုအဖွဲ့အစည်းများမှာ ရွှေဘုန်းပွင့် ပရဟိတအဖွဲ့၊ ဂေါပကအဖွဲ့၊ ပရဟိတအဖွဲ့၊ ရပ်မိ/ဖအဖွဲ့၊ ကာလသား/သမီးအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ အမျိုးသား/အမျိုးသမီးအဖွဲ့စသည်ဖြင့် ဖွဲ့စည်းထားသော်လည်း အဖွဲ့အချင်းချင်းဆက်သွယ် ဆောင်ရွက်မှုအားနည်းလျက်ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင်ပူးပေါင်း ပါဝင်ပြီး ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား

သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကျေးရွာတွင် World Vision and Korea Hanar အဖွဲ့မှ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် လုပ်ဆောင်ပေးခဲ့သည်များရှိပြီး၊ အခြားသောကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဝိုင်းဝန်းထောက် ပံ့ပေးနေသည့် အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

တုံးဗျောင်းကျေးရွာတွင်လယ်မြေ (၁၅၃.၈) ဧက၊ ဥယျာဉ်ခြံမြေ (၅၉၅.၇) ဧက နှင့်ခနိတောမြေ (၁၀) ဧက စုစုပေါင်း (၇၄၆.၅) ဧက ရှိပါသည်။ (၂.၅ ဧကအောက်) ဆင်းရဲသားတောင်သူ (၂၀)ဦး၊ (၂.၅ ဧကမှ ၅ ဧကကြား) တောင်သူငယ် (၄၀)ဦး၊ (၅ဧကမှ ၁၂.၅ဧကကြား)တောင်သူလတ်(၆၀)ဦးနှင့် (၁၂.၅ဧကအထက်) တောင်သူကြီးဦးရေ (၅၀)ဦးပါသည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများမှာ ကျေးရွာရှိ စုစုပေါင်းအိမ်ထောင်စု၏ (၉၂.၈၉%) ရှိပါသည်။

မြေယာမဲ့တောင်သူများမှာ စုစုပေါင်းအိမ်ထောင်စု၏ (၇.၁%) ရှိသည့်အတွက် ကျေးရွာတွင် ဆင်းရဲသည့်အိမ်ထောင်စုအနည်းအကျဉ်းသာရှိပါသည်။ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည့်အတွက် ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်နေပါသည်။ ကျေးရွာအတွင်း၌ ဝမ်းစာဖူလုံရုံမျှသာရှိပြီး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခြင်း မရှိပေ။

အဓိကစိုက်ပျိုးသည့် သီးနှံမှာ စပါးနှင့်ကွမ်းဖြစ်ပြီး ရော်ဘာနှင့် ကွမ်းများကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိပါသည်။ စိုက်ပျိုးသည့် လယ်ယာမြေများသည် မြေဆီလွှာများ ပြုပြင် မှုအားနည်းခြင်း၊ သီးနှံပိုးမွှားရောဂါ ကျရောက်ခြင်းများ ရှိသည့်အတွက် ဈေးကွက်မမီသည့် သီးနှံများ ဖြစ်ပေါ်လျက်ရှိပါသည်။ ထိုကြောင့် စိုက်ပျိုးရေးနှင့် ပတ်သက်သည့် နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်နေပါသည်။ ကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာများကိုယ်ပိုင်များဖြစ်ကြပါသည်။

သီးနှံအထွက်နှုန်းတိုးစေရန်အတွက် မိုးရေကိုသာ အဓိက အားထားရပြီး၊ လယ်ယာမြေ အသုံးချနိုင်မှုမှာ အသင့်အတင့် အခြေအနေတွင် ရှိပါသည်။ သီးနှံမျိုးစေ့မှာ ဒေသမျိုး တစ်ခုကိုသာ သုံးစွဲနေပါသည်။စိုက်ပျိုးမြေများတွင် ဆားငန်ရေ ဝင်ရောက်မှုရှိခြင်း ပိုးမွှားရောဂါကျရောက်ခြင်း၊ စိုက်ပျိုးမြေ မလုံလောက်သည့်အတွက် စိုက်ပျိုးမြေ

မတိုးချဲ့နိုင်ခြင်း၊ လယ်ယာသုံးစက်ကိရိယာများမလုံလောက်ခြင်းစသည့် အခက်အခဲများ ရှိနေပါသည်။

တုံးဗျောင်းယ်ကျေးရွာတွင်
သီးနှံထုတ်လုပ်မှုအတွက်ပြဿနာများမှာမြေဆီဩဇာမကောင်းခြင်း၊ စိုက်ပျိုးရေးအရင်းအမြစ် အလွယ်တကူ မရရှိနိုင်ခြင်းနှင့် မျိုးကောင်းမျိုးသန့်များ အလွယ်တကူမရရှိခြင်း၊ အတိုးနှုန်းသက်သာသော ချေးငွေများ အလွယ်တကူ မရရှိခြင်း စသည်တို့ရှိသည့်အတွက် စိုက်ပျိုးရေးနည်းပညာပေးသင်တန်း၊ ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် သက်ဆိုင်သည့် သင်တန်းများအပြင် ကာလရှည်ချေးငွေများလည်း လိုအပ်နေပါသည်။ ထို့အပြင် မြေဆွေး၊ အော်ဂဲနစ်မြေဩဇာများ ထည့်သွင်းအသုံးပြုမှုနှင့် ပတ်သက်၍ သုံးစွဲနည်းများကို မသိရှိသည့် အခက်အခဲများဖြစ်နေပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

တုံးဗျောင်းယ်ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၁၀) အိမ်ရှိပြီး နွားကောင် ရေ (၃၈) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၃) စုမှ (၅) ကောင်၊ အိမ်ထောင်စု (၃၀) အိမ်မှ ဝက် (၇၀) ကောင်၊ အိမ်ထောင်စု (၄၈) အိမ်မှ ကြက် (၁၃၂) ကောင်၊ အိမ်ထောင်စု (၃) အိမ်မှ ဘဲ (၁၂) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ အချို့အိမ်ထောင်စုများမှာ စီးပွားဖြစ် မွေးမြူလိုကြသော်လည်း ဈေးကောင်းမရရှိသည့်အတွက် ကျေးရွာတွင်သာ ရောင်းချကြရပါသည်။ မျိုးကောင်းမျိုးသန့်များရရှိရန် လိုအပ်လျက်ရှိပါသည်။ တိရစ္ဆာန်ရောဂါကျရောက်မှု ရှိသော်လည်း ကျေးရွာသည် မြို့နှင့်အလှမ်းဝေးသည့် အတွက် မွေး/ကုဋီးစီးဌာနမှ ဆရာဝန်များမှလည်း အချိန်မီ လာရောက် မကုသနိုင်ခြင်းများ ရှိပါသည်။ မွေးမြူရေး၊ ကုသရေးနှင့်သက်ဆိုင်သည့် နည်းပညာပေးသင်တန်းများ လိုအပ်နေ ပါသည်။

တုံးဗျောင်းယ်ကျေးရွာတွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် အခွင့်အလမ်း များမှာ ရေရရှိမှုနှင့် မျိုးကောင်းတိရစ္ဆာန်များကို အသင့်အတင့် ဝယ်ယူရရှိနိုင်ပါသည်။ စားကျက်မြေမရှိသောကြောင့် တိရစ္ဆာန်များကို လွတ်လပ်စွာမွေးမြူနိုင်သည့် အခက်အခဲများ ရှိပါသည်။ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာများမှာ စားကျက်မြေမရှိခြင်း၊ မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူမရရှိနိုင်ခြင်း၊ မွေးမြူရေးနှင့်ကုသ ရေးဆိုင်ရာဝန်ဆောင်မှုများ အလွယ်တကူ မရရှိနိုင်ခြင်း၊ ချေးငွေများ အလွယ်တကူ မရသည့်အပြင် အတိုးနှုန်းကြီးစွာဖြင့် ချေးငှားရခြင်း၊ သွင်းအားစုများကိုလည်း အလွယ်တကူ မဝယ်ယူနိုင်ခြင်း၊ ထုတ်ကုန်ရောင်းဝယ်မှုများတွင်လည်း ဈေးကွက်မမီခြင်းများ ရှိသည့်

အတွက် စီးပွားဖြစ်မွေးမြူနည်း/ ရောဂါကာကွယ်နည်းဆိုင်ရာ ပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ် လျက်ရှိနေပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

တုံးဇျောင်းကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများမှာ အပ်ချုပ်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်နှင့် ဥယျာဉ်ခြံများတွင် အငှားလိုက်လုပ်သူ၊ လယ်ယာစိုက်ပျိုးရေးတွင် အငှားလုပ်သူ၊ ရေလုပ်ငန်းတွင် လှေလိုက်သူစသည့် ကျပန်းလုပ်ငန်းများတွင် လုပ်ကိုင်သူများ ဖြစ်ပါသည်။ အလုပ်အကိုင် အခွင့်အလမ်းများ လည်း ရှားပါးသည်ဟု ဆိုနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေး အခြေအနေမှာ ကောင်းမွန်ပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ၏ ပြဿနာမှာ ကျေးရွာတွင် နေထိုင်သောသူများသည် အခြားနိုင်ငံသို့ သွားရောက်လုပ်ကိုင်သည့်အတွက် လုပ်သားအင်အား ရှားပါးခြင်း၊ အခြားဒေသထွက်ကုန်များမှာလည်း ဈေးကွက်မရှိခြင်း၊ ကျေးရွာတွင်း လမ်းများသည် လမ်းပန်းဆက်သွယ်ရေးသည်လည်း နွေရာသီတွင် သွားလာရ အဆင်ပြေသော်လည်း မိုးရာသီတွင် မြေသားလမ်းများ ဖြစ်သည့်အတွက် သွားလာရခက်ခဲခြင်း၊ (၂၄) နာရီလျှပ်စစ်မီးမရရှိသေးခြင်း၊ ချေးငွေ အတိုးနှုန်းကြီးမြင့်ခြင်း စသည်တို့ ကြုံတွေ့နေရပါသည်။ အဆင်ပြေသည့် အိမ်ထောင်စုများမှ သားသမီးများသာ အသက်မွေးဝမ်းကျောင်းပညာများ သင်ယူရန် ကုန်ကျစရိတ်တတ်နိုင်သည့်အတွက် ဆင်းရဲသည့် မိသားစုများအတွက် ပညာသင်ယူနိုင်ခြင်း အခွင့်အလမ်းနည်းပါးပါသည်။ ထို့ကြောင့် ကျေးရွာတွင် ရှိသော အမျိုးသမီး/ အမျိုးသားငယ်များအတွက် အသက်မွေးဝမ်း ကျောင်း ပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်နေပါသည်။

(ဃ)စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာ ဆန်စပါး၊ ရော်ဘာ၊ ကွမ်းသီး၊ငါး၊ပုစွန်၊ငပိ၊ငါးခြောက်နှင့် ဟင်းသီးဟင်းရွက်တို့ပါဝင်ပါသည်။ မြိတ်မြို့နှင့် သွားလာရဝေးသည့် ကျေးရွာတစ်ရွာဖြစ်၍ ကျေးရွာထုတ်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တုံးဇျောင်းကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမချေးငွေမှ ကာလတို ချေးငွေများသာ ရရှိပါသည်။ အချို့တောင်သူများမှာ ပုံစံ (၇) ရရန် အခက်အခဲများ ရှိသည့်အတွက် ချေးငွေမရယူသည်များ ရှိပါသည်။ သမဝါယမချေးငွေသည်လည်း

အသင်းဝင်ထားသည့်သူများသာ ချေးသည့်အတွက် အသင်းဝင်ထားခြင်း မရှိသူများ ချေးငှါးမရသည်များရှိပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ငွေကြေးမလုံလောက်သည့် အတွက် ချေးငွေပြန်ဆပ်ချိန်တွင်အချိန်မီ ပြန်ဆပ်နိုင်ခြင်းမရှိပါ။ ကျေးရွာတွင် ငွေချေးပေးသူများထံမှ အတိုးနှုန်းကြီးစွာဖြင့် ချေးယူ၍ မိသားစုစားဝတ်နေရေးကို ဖြေရှင်းကြရသည်။ ထို့ကြောင့် ကာလရှည်ချေးငွေများချေးယူရရှိမည်ဆိုပါက မိမိတို့ လုပ်ကိုင်နေသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံ နိုင်လာမည် ဖြစ်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

တုံးဗျောင်ယံကျေးရွာတွင် စက်ဘီးမှာ ကျောင်းသား/သူများ သွားလာရေးအတွက် အသုံးပြု ၍ မော်တော်ဆိုင်ကယ်မှာ အချို့သောသွားလာရေးကိစ္စနှင့် စီးပွားရေးကိစ္စတွင် အသုံးပြုကြ ပါသည်။ ဆိုင်ကယ်စီးရေမှာ (၁၄၂) စီး ရှိပါသည်။ ထော်လာဂျီ (၅) စီး၊ သုံးဘီး ဆိုင်ကယ်(၃)စီး၊ ကား (၇) စီးနှင့်နွားလှည်း(၄)စီး ရှိပြီး ရွာ၏သယ်ယူပို့ဆောင်ရေးတွင် အဓိက အသုံးပြုကြပါသည်။ ကျေးရွာတွင် မြစ်ကြောင်းနှင့်ပင်လယ်ရေကြောင်းကို အသုံးပြု၍ ကမ်းနီးငါးဖမ်းခြင်းလုပ်ငန်းလုပ်ကိုင်သူနှင့် ဥယျာဉ်ခြံထွက်သီးနှံများကို အခြားကျေးရွာ များသို့ စက်လှေဖြင့်လည်းသွားရောက်ရောင်းချကြပါသည်။

တုံးဗျောင်ယံကျေးရွာတွင် ကျေးရွာတွင်းလမ်းများသည် မြေသားလမ်း ဖြစ်ပါသည်။ မိုးရာသီတွင် သွားလာရခက်ခဲခြင်း၊ လမ်းပျက်စီးခြင်းများ ဖြစ်သည့်အတွက် ကျောက်ချောလမ်း (သို့) ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်လိုသောကြောင့် အကူအညီ ပေးနိုင်မည့် သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်နေပါသည်။ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာကုန်ထုတ်လမ်းအား ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ (၁)မိုင်ဖောက်လုပ်ပေးလျက်ရှိပါသည်။ ကျေးရွာလမ်းများတွင် ရေပြွန် (၂) စင်းရှိပြီး အရည်အသွေးမှာ ကောင်းမွန်မှု မရှိတော့သဖြင့် ပြန်လည်ပြုပြင်ရန် လိုအပ် လျက် ရှိပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

တုံးဗျောင်ယံကျေးရွာတွင် ကျေးရွာသူ/သားများသည် ဆိုလာမီးကိုသာ အဓိကထား အသုံး ပြုနေရပါသည်။ ကျေးရွာတွင် ဒီဇယ်အင်ဂျင်ဖြင့် မီးလင်းမှုရရှိအောင် မီးပေးနေသည့် အိမ်ရှိ ပါသည်။ မီးသုံးစွဲမှုအတွက် တစ်ရက်ကို (၇၀၀) ကျပ်ဖြင့် ညနေ (၆) နာရီမှ ည (၁၀) နာရီအထိ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဖယောင်းတိုင်မီးနှင့် ရေနံဆီမီးခွက်များကို

သုံးစွဲသည့် အိမ်များလည်းရှိနေသည့်အတွက် မီးဘေးအန္တရာယ်အတွက်လည်း စိုးရိမ်မှု ဖြစ်ရပါသည်။ ထို့ကြောင့် ကျေးရွာတွင် မဟာဓာတ်အားလိုင်း ချိတ်ဆက်ရရှိပြီး (၂၄) နာရီ မီးလင်းမှုရရှိမည်ဆိုပါက ကျေးရွာအတွင်းကျောင်းသားများ၏ ပညာရေးကဏ္ဍ တိုးတက် မြင့်မားလာခြင်း၊ လုံခြုံမှုပိုမိုကောင်းမွန်လာခြင်း၊ အိမ်ရှင်မများအနေဖြင့် အချိန်မီ ချက်ပြုတ်နိုင်ခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေမှုကိုအထောက်အပံ့ပေးနိုင်ပါလိမ့်မည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

တုံးဗျောင်းကျေးရွာတွင်ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၆၈) လုံး၊ ရေဒီယို (၃၆) လုံး၊ တီဗွီ (၆၄) လုံး၊ ဂြိုလ်တုစလောင်း (၆၁) လုံး စသည်တို့မှ ရရှိသည့်အပြင် လူကြီးများသည် ဖုန်းကို စနစ်တကျ သုံးစွဲတတ်ခြင်း မရှိပါ။ ကျေးရွာတွင် (၂၄) နာရီမီးလင်းမှု မရရှိသည့်အတွက် အချိန်နှင့်တပြေးညီ အားသွင်းခြင်း မပြုလုပ်နိုင်ဘဲ သတင်းအချက်အလက်များ အချိန်မီ မသိရှိနိုင်ခြင်းများ ရှိပါသည်။ ကျေးရွာ၏ အချို့နေရာ များတွင် ဖုန်းလိုင်းမမိသည့် အခြေအနေများ ရှိပါသည်။ ထိုကြောင့်ကျေးရွာတွင် ဖုန်းလိုင်း နှင့် အင်တာနက်လိုင်းများ ကောင်းရန်အတွက် ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

၆။ ပညာရေး

တုံးဗျောင်းကျေးရွာတွင် စာမတတ်သူဦးရေ (၂) ဦးရှိပြီး အသက်ကြီး ပိုင်းများဖြစ်ကြပါသည်။ ဘွဲ့ရသူဦးရေ (၁၀၀) ဦးအထိရှိနေပြီဖြစ်သည်။ မူလတန်းပညာ ပြီးမြောက်မှုမှာ (၄၀၄) ဦး၊ အလယ်တန်းပညာ ပြီးမြောက်မှုမှာ (၁၆၀) ဦးရှိပြီး၊ အထက်တန်းပညာပြီးမြောက်မှုမှာ (၁၅၉)ဦးရှိနေပြီဖြစ်သည်။ တက္ကသိုလ်အဆင့် ပညာ ပြီးမြောက်မှုမှာ (၁၄၀)ဦးအထိရှိနေပြီ ဖြစ်သည်။

တုံးဗျောင်းကျေးရွာတွင် ယခုလက်ရှိပညာသင်ကြားနေသော လူဦးရေမှာ (၂၇၁) ဦးရှိပြီး အမျိုးသမီးဦးရေ ပိုများပါသည်။ ကျေးရွာပိုင် မူလတန်းကျောင်းတွင် ပညာသင်ကြားနိုင်ပြီး နီးစပ်ရာမွေ့ရှောင်ကျေးရွာတွင် အလယ်တန်းနှင့် အထက်တန်း အဆင့်များကို ဆက်လက်ပညာသင်ယူနိုင်ပါသည်။ ကျောင်းသားများသည် ကျောင်းဖွင့် ရက်တိုင်း စက်ဘီး၊ ဆိုင်ကယ်၊ လမ်းလျှောက်သွားကြပါသည်။ မြိတ်တက္ကသိုလ်နှင့် အခြားအသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ တွင် တက်ရောက်နေသူများမှာ (၃၁) ဦး ရှိပါသည်။

တုံးဗျောင်းကျေးရွာပိုင် အခြေခံပညာမူလတန်းကျောင်းတွင် စာသင်ကျောင်း

သည် ကျေးရွာနှင့် နီးသောကြောင့် ကျောင်းသား/သူများ ခြေလျင်၊ စက်ဘီး၊ ဆိုင်ကယ်နှင့် သွားလာကြပါသည်။ ကျောင်းသား/ကျောင်းသူဦးရေ များလာသည့်အတွက် ကျောင်းသုံး ပရိဘောဂများ မလုံလောက်ပါ။ သောက်သုံးရေလည်းမလုံလောက်ပါ။ ကျောင်းဆရာ/ဆရာမများအတွက် ဝန်ထမ်းအိမ်ယာ တည်ဆောက်ရန် လိုအပ် နေပါသည်။

မူလတန်းအဆင့် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော် နေသည့်အတွက် ဆင်းရဲသော မိသားစုများအတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့် ရနေပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့သာ ဖွဲ့စည်းထားခြင်းရှိပြီး လုပ်ဆောင်မှု အားနည်းပါသည်။ ကုန်ကျစရိတ် သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်း လိုအပ်နေပါသည်။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများလည်း အလုံအလောက်မရှိပါ။ကျောင်းအားကစား ဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှုမရှိသည့်အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

တုံးဗျောင်းကျေးရွာတွင် အဖြစ်များသည့် ရောဂါဟူ၍ဆီးချို၊ သွေးတိုး ရောဂါများ ဖြစ်ပါသည်။ ဝမ်းပျက်ဝမ်းလျှောခြင်း၊ သွေးလွန်တုပ်ကွေး၊ တီဘီရောဂါများ အနည်းအကျဉ်းသာ ဖြစ်ပွားလျှက်ရှိပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသည့်အတွက် ကျေးရွာနှင့် (၁) မိုင်ခန့်ရှိ တုံးဗျောကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ဆေးကုသမှု ခံယူရပါသည်။ အရေးပေါ်အခြေအနေမျိုး ဖြစ်ပေါ်မှသာ မြိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာအတွင်း ဆေးဆိုင်များသီးသန့် မရှိသော်လည်း ကုန်စုံဆိုင်ငယ်များတွင် အိမ်သုံးဆေးများ ဝယ်ယူရရှိနိုင်ပါသည်။ တုံးဗျောကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေး ဌာနခွဲမှ ကာကွယ်ဆေးထိုးနှံမှုများ လစဉ်ပြုလုပ် လျက်ရှိ ပါသည်။

တုံးဗျောင်းကျေးရွာတွင် ရေတွင်းအသုံးပြုသည့် အိမ်ထောင်စု (၄) အိမ်၊ အဝိစိတွင်းအသုံးပြုသည့် အိမ်ထောင်စု (၂) အိမ်နှင့် စိမ့်စမ်းရေ အသုံးပြုသည့် အိမ်ထောင်စု (၁၈၃) အိမ်ရှိပါသည်။ ၂၀၁၅-၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပြင်/ထိန်းရန်ပုံငွေဖြင့် ရေတားတမံပြုလုပ် ဆောင်ရွက်ထားရှိပါသည်။ သို့ရာတွင် ကျေးရွာ၌ နွေရာသီတွင်သောက်သုံးရေရှားပါးသည့်အတွက် အခက်အခဲဖြစ်နေပါသည်။ ထို့ကြောင့် ကျေးရွာတွင်စိမ့်စမ်းရေအရင်းအမြစ်ရှိသည့်တွက် အိမ်သွယ်ရေတိုင်စနစ်၊ ရေမီတာဖြင့် ရေပိုက်သွယ်တန်းရန်ဆန္ဒရှိကြပါသည်။

ကျေးရွာတွင် သန့်ရှင်းသော အိမ်သာသုံးစွဲသည့် အိမ်ထောင်စု (၁၀၃) စုနှင့် မသန့်ရှင်းသောအိမ်သာအသုံးပြုသည့် အိမ်ထောင်စု(၈၀)အိမ်ရှိပါသည်။ ကျေးရွာတွင် ဝမ်းရောဂါနှင့် ပတ်သက်သောရောဂါများ မဖြစ်ပွားစေရန် ရာသီအလိုက်ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပုံမှန်ပြုလုပ်ရန် လိုအပ်နေပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

တုံးဗျောင်ယ်ကျေးရွာတွင် တစ်နှစ်လျှင်တစ်ကြိမ် ရေကြီးခြင်း၊ ရေလျှံခြင်းများ ဖြစ်ပေါ်လေ့ ရှိပါသည်။ ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကျရောက်မှု မရှိပါ။ အကယ်၍ ဘေးအန္တရာယ် ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း မထား ရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအနေဖြင့် အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျ မရှိဘဲ စည်းကမ်းမဲ့စွာ စွန့်ပစ်လျက်ရှိသဖြင့် ပညာပေး ဟောပြောပွဲများပြုလုပ်ပေးရန် လိုအပ် နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း လုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင် လာမည် ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

တုံးဗျောင်ယ်ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ အတူတူခန့်ပင် ဖြစ်သည်။ ကျေးရွာရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင် နည်းပါးပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချဧကန် တိုးတက်ပြောင်းလဲလာပါမည်။ ထိုနည်းတူစွာ ကျေးရွာတွင် အမျိုးသမီးများ၏ တစ်နေ့ အနည်းဆုံး လုပ်အားခသည် (၄၀၀၀) ကျပ်ဖြစ်ပြီး အမျိုးသားများ၏ တစ်နေ့အနည်းဆုံး လုပ်အားခသည် (၅၀၀၀) ကျပ်ဖြစ်ပါသည်။ ထိုမတူညီသော လုပ်အားခများက အမျိုးသမီး များ၏ စိတ်ဓာတ်အရည်အသွေးကို လျော့ကျစေပါသည်။ အမျိုးသမီးများ၏ စိတ်ဓာတ် အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်း အဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည် ဖြစ်ပါသည်။ အမျိုးသမီး ရေးရာ အကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – တုံးဗျော			ကျေးရွာအမည် – တုံးဗျောငယ်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့်ထုတ်လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နှင်းရေး နည်းပညာသင်တန်း/ ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၅	စိုက်ပျိုးရေး	မြေ/ရေ	ချောင်းကော မြောင်းကော တူးဖော်ခြင်း (၄၀၀၀')။	
၆	စိုက်ပျိုးရေး	ဈေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေးအမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။	
၇	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။	
၈	စိုက်ပျိုးရေး	စက်ကိရိယာ	ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ လယ်ယာသုံး စက်ကိရိယာများ ငှားရမ်းခြင်း (သို့) အရစ်ကျ ဝယ်ယူနိုင်ရန် ချိတ်ဆက်ခြင်း။	
၉	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၁၀	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မွေးမြူရေးဈေးကွက် ဆန်းစစ်ခြင်းနှင့် ထုတ်ကုန် ဈေးကွက်ကောင်း ရရှိရန် ချိတ်ဆက်ခြင်း။	
၁၁	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	
၁၂	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့်မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်၊ ဖုန်းပြင်)	

ကျေးရွာအုပ်စုအမည် – တုံးဗျော			ကျေးရွာအမည် – တုံးဗျောငယ်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁၃	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	
၁၄	ငွေကြေး	အသေးစား	အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ် ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။	
၁၅	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းသုံးပရိဘောဂများ လုံလောက်စွာ ဖြည့်တင်းခြင်း။	
၁၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	အားကစားကွင်း ပြင်ဆင်ခြင်းနှင့် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။	
၁၇	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ရာသီအလိုက် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပုံမှန် စီစဉ်ပေးခြင်း။	
၁၈	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	တုံးဗျောငယ်မှ တုံးဗျောကြီးသို့ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	
၁၉	အခြေခံအဆောက်အဦ	ကျန်းမာသန့်ရှင်းရေး	ကျေးရွာတွင်ရေမြောင်းတူးဖော်ခြင်း	
၂၀	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရေပြွန် ၁၆' (၂) စင်းအား ပြုပြင်ခြင်း။	
၂၁	အခြေခံအဆောက်အဦ	သောက်သုံးရေ	ရေပိုက်လိုင်း သွယ်တန်းရေးအတွက် ကျေးရွာကော်မတီနှင့် ကျေးလက်ဦးစီးဌာန လက်တွဲဆောင်ရွက်ခြင်း။	
၂၂	လျှပ်စစ်	မဟာဓာတ်အားလိုင်း	လျှပ်စစ်မီး ချိတ်ဆက်သွယ်တန်းရန် သက်ဆိုင်ရာ ဦးစီးဌာန/ ပုဂ္ဂလိကလုပ်ငန်းရှင်များ နှင့် ချိတ်ဆက်ခြင်း။	
၂၃	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	လက်ရှိလူငယ်အဖွဲ့အားစွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်းများပြုလုပ်ခြင်း။	
၂၄	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ကျေးရွာပိုင် စာကြည့်တိုက်/ သင်ယူလေ့လာရေးစင်တာတစ်ခု ဖန်တီးခြင်း။	
၂၅	လူငယ်နှင့်အားကစား	အားကစား	အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။	
၂၆	လူငယ်နှင့်အားကစား	အမျိုးသမီး	အမျိုးသမီးများအား တရားဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။	

ကျေးရွာအုပ်စုအမည် – တုံးဗျော			ကျေးရွာအမည် – တုံးဗျောငယ်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၂၇	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	မူးယစ်ဆေးဝါး သုံးစွဲမှုလျော့ချရေးအတွက် ဟောပြောပွဲများ ပြုလုပ်ခြင်း။	
၂၈	သယံဇာတနှင့်သဘာဝ ဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။	

တုံးဗျောင်ယ်ကျေးရွာ၊တုံးဗျော ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးအောင်မြတ်သူ	ဦးဘို	ဖ/မအရ(နိုင်)၀၀၀၈၁၂	၅၂	နာယက	၀၉၄၅၃၃၉၃၂
၂	ဦးခင်ဝင်းနိုင်	ဦးကြည်ပို	-	၃၉	နာယက	၀၉၄၅၂၂၂၈၁၂၅
၃	ဦးကိုကိုနိုင်	ဦးမောင်ဦး	ဖ/မမန(နိုင်)၁၆၆၆၈၃	၃၂	ဥက္ကဋ္ဌ	၀၉၄၅၂၆၈၆၆၀၉
၄	ဦးလှိုင်အေး	ဦးသန်းအောင်	ဖ/မအရ(နိုင်)၁၂၇၁၂၉	၄၄	အတွင်းရေးမှူး	၀၉၂၅၄၀၃၃၈၉၀
၅	ဒေါ်ထူးနေအေး	ဦးဖိုးကြွက်	ဖ/မအရ(နိုင်)၀၆၉၂၄၀	၅၂	စာရင်းကိုင်	၀၉၂၅၆၆၈၁၁၉၇
၆	ဒေါ်ဇင်မာအေး	ဦးတင်သောင်း	-	၃၉	ဘဏ္ဍာရေးမှူး	၀၉၄၅၈၅၄၅၀၁၃
၇	ဦးထွန်းဇော်	ဦးထွေးကြည်	ဖ/မအရ(နိုင်)၁၀၁၅၇၃	၄၀	အဖွဲ့ဝင်	၀၉၄၂၂၂၂၀၁၃၂
၈	ဦးသန်းနိုင်	ဦးမြဝင်း	ဖ/မမန(နိုင်)၁၄၂၀၁၈	၃၈	အဖွဲ့ဝင်	၀၉၄၅၅၁၆၄၂၇၃
၉	ဒေါ်တင်စန်းရီ	ဦးစိုးနိုင်	ဖ/မအရ(နိုင်)၀၆၉၀၁၈	၃၉	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၆	၁၇	၃၃
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၄၆	၂၅	၇၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၁	၄၉	၉၀
၁၀ နှစ်မှ ၁၄ နှစ်အထိ	အလယ်တန်းကျောင်းသားအရွယ်	၇၀	၆၂	၁၃၂
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၅၃	၂၇၉	၅၃၂
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၄၈	၆၃	၁၁၁
စုစုပေါင်း		**၄၇၄**	**၄၉၅**	**၉၆၉**
စုစုပေါင်း အိမ်ထောင်စု		**၁၈၃**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ တုံးဗျောင်ယ်ကျေးရွာတွင် အိမ်ထောင်စု (၁၈၃) စု ရှိပြီး၊ လူဦးရေစုစုပေါင်း (၉၆၉) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၃) ဦး ရှိပါသည်။ အသက် (၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သောလူဦးရေမှာ (၅၄.၉%) ရှိပြီး အလုပ်မလုပ်နိုင်သော လူဦးရေ စုစုပေါင်း (၄၅.၁%) သည် မှီခိုသူများ ဖြစ်ကြပါသည်။ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၃) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့်ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် များပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေ များပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၄၇	၃၄၆	၄၈	မြင့်☑လတ်☐နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်☑
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း			၂၅	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း			၁၂	မြင့်□လတ်□နိမ့်☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၁	**လက်လီ–လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၂	၁၂	၁၀	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၃	၅	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၄	၄	၆	မြင့်□လတ်□နိမ့်☑
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၇	၂၀	၂၉	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	စုစုပေါင်း	၁၈၃	၃၈၅	၁၃၅	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"**ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ

လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏**"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။တုံးဗျောငယ်ကျေးရွာတွင် အဓိကလုပ်ကိုင်သည့် လယ်ယာစိုက်ပျိုးရေးတွင် လုပ်ကိုင်သည့် အိမ်ထောင်စု(၁၄၇)စုရှိပါသည်။ အရောင်းအဝယ်လုပ်ငန်းဖြစ်သည့် ဈေးရောင်းသည့် အိမ်ထောင် စု (၁၂) စုရှိပြီး၊ ကျပန်းလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု(၁၇)စု၊ ပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သည့်အိမ်ထောင်စု(၃)စု၊ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းတွင် လုပ်ကိုင်သည့် အိမ်ထောင်စု(၄)စုရှိပါသည်။ကျေးရွာတွင်အဓိကလုပ်ကိုင်သည့်လုပ်ငန်းသည် လယ်ယာမြေနှင့် ဥယျာဉ်ခြံလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းနည်းသည့်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်လျက်ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇,၀၀၀	၆,၀၀၀	၆,၀၀၀	၅,၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၇၀၀၀	၆၀၀၀	၆၀၀၀	၅၀၀၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၇၀၀၀	၆၀၀၀	၆၀၀၀	၅၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅,၀၀၀	-	၈,၀၀၀	၄,၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။တုံးဗျောငယ်ကျေးရွာတွင် အများဆုံးလုပ်ငန်းအဖြစ် လယ်ယာ စိုက်ပျိုးရေး

(လယ်) လုပ်ငန်းတွင် နေ့စားပုတ်ပြတ် အလုပ်လုပ်သူနှင့် ဥယျာဉ်ခြံများတွင် အလုပ်လုပ်ကိုင်သူများမှာ အများဆုံးဖြစ်ပါသည်။ တစ်နေ့တွင် အမျိုးသား (၇၀၀၀နှင့် ၆၀၀၀ ကျပ်)၊ အမျိုးသမီး (၆၀၀၀နှင့်၅၀၀၀)ကျပ် ရရှိပါသည်။ ပန်းရံလုပ်ကိုင်သူများတွင် အမျိုးသား(၁၅၀၀၀နှင့်၈၀၀၀ ကျပ်)၊ အမျိုးသမီး (၄၀၀၀) ကျပ် ရရှိပါသည်။ ကျေးရွာတွင် နေ့စားအလုပ်လုပ်သူနှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရန်လိုအပ်လျက်ရှိပြီး အမျိုးသားများနှင့် အမျိုးသမီးများ၏ လုပ်အားခတန်းတူမရသည့်အတွက် အမျိုးသမီးဦးစီးသည့် အိမ်ထောင်စု မိသားစုသည် စားဝတ်နေရေးအတွက် အခက်အခဲရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၅၃.၈	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၅၉၅.၇	ကောင်း ☑	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	၁၀	ကောင်း ☐	သင့်☑	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၇၅၉.၅**	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။တုံးဗျောင်းကျေးရွာတွင် လယ်မြေများတွင် မြေဆီလွှာပျက်စီးခြင်း၊ ဆားငန်ရေ ဝင်ရောက်ခြင်း၊ ပိုးမွှားရောဂါ ကျရောက်ခြင်းများရှိခြင်း၊ စိုက်ပျိုးမြေများ မချဲ့ထွင်နိုင်ခြင်း၊ စိုက်ပျိုးရေး နည်းစနစ်များ မမှန်ကန်ခြင်း၊ စိုက်ပျိုးမြေများရေလျှံခြင်း၊ နည်းပညာအားနည်းခြင်း၊ ဈေးကွက်လက်လှမ်းမီမှုမရှိခြင်းစသည့် အခက်အခဲပြဿနာများ ရှိနေပါသည်။ ဆည်မြောင်းဦးစီးဌာနမှ ချောင်းမြောင်းတူးဖော်ပေးလျက်ရှိပါသည်။ သို့ရာတွင် ကျေးရွာ၌ ဥယျာဉ်ခြံမြေများ၌ သီးနှံအထွက်နှုန်းနည်းသည့်အတွက် စိုက်ပျိုးရေး နည်းပညာပေး သင်တန်းများဖွင့်လှစ်ပို့ချရန် လိုအပ်လျက်ရှိပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☑ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။တုံးဗျောင်းကျေးရွာတွင်သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ၊ ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ ထွက်ရှိခြင်းမရှိသည့်အတွက် အခြားကျေးရွာများမှ ဝယ်ယူနေရပြီး သဘာဝ အပင်မျိုးစိတ်များနှင့် သဘာဝ တိရစ္ဆာန်မျိုးစိတ်များ အနည်းအကျဉ်း တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၄၀	၉၀	၃၀	၂၃

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ တုံးဗျောင်းကျေးရွာတွင် ကျေးရွာအိမ်ထောင်စု၏(၄၀)အိမ်ခန့်သည် အဆင်ပြေသော အိမ်ထောင်စုများဖြစ်ကြပြီး အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ (၉၀)အိမ် ရှိသည့် အတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့်

တစ်ဖက် တစ်လမ်းမှ အထောက်အကူပြု နိုင်ပါလိမ့်မည်။ မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၂၈.၉၆%) မှာ မိသားစုစားဝတ်နေရေးအတွက် အခက်အခဲများ ရှိနေပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၆	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = __၁၆_____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။တုံးဗျောင်ယ်ကျေးရွာတွင် အိမ်ထောင်စု(၁၆)အိမ်သည် ဝမ်းစာဖူလုံမှု အတွက် ချေးငွေယူ၍ မိသားစုစားဝတ်နေရေးကိုဖြေရှင်းကြရပါသည်။ ဝမ်းစာဖူလုံမှုအခြေအနေ အတွက် အခြားအစာပြောင်းလဲစားသောက်ရသည့်အခြေအနေမျိုးမကြုံတွေ့ရပါ။ အခက်အခဲပေါ် ပေါက်လာပါက ဆွေမျိုး/မိတ်ဆွတို့ထံမှ ချေးငွေယူ၍ ဖြေရှင်းကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။တုံးဗျောင်ယ်ကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများဟူ၍မရှိပါ။ သို့ရာတွင် ဆင်းရဲ၍အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုနှင့် မုဆိုးဖို/တစ်ခုလပ် ဦးဆောင်သော အိမ်ထောင်စု(၂၃)စုရှိပြီး ထိခိုက်လွယ်မှုအခြေအနေတွင် ရှိနေပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့်☑မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ် ☑နိမ့်☐ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☑နိမ့်☐ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☑နိမ့်☐ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☑နိမ့်☐ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☑နိမ့်☐ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑

လေ့လာတွေ့ရှိချက်။ ။ တုံးဗျောင်ယံကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုနှင့် .စိုက်ပျိုးမြေ/ရေရှားပါးမှုမှာ အနည်းအကျဉ်း အနေအထားတွင်ရှိ၍ သဘာဝအရင်းအမြစ်ထွက်ရှိမှု ရှားပါးသည့် ကျေးရွာဖြစ်ပါသည်။ ရေကြီးမှုကြောင့် မြေဆီလွှာများပျက်စီးပြီး တိရိစ္ဆာန်များ ဆုံးရှုံးခဲ့ရပါသည်။ စိုက်ပျိုးမြေများတွင် ဆားငန်ရေ ဝင်ရောက်မှုလည်း ရှိပါသည်။ သစ်တော ပြုန်းတီးခြင်းများ ဖြစ်ပွားလျက်ရှိပြီး စိမ့်စမ်းရေကို သုံးစွဲသည့်အတွက် ငှက်ဖျား ရောဂါဖြစ်ပွားမှုလည်း ရှိပါသည်။ ကျေးရွာတွင် တိရိစ္ဆာန်ရောဂါကျရောက်မှု အတော်အသင့် ရှိပါသည်။ မုန်တိုင်း၊ ငလျင်၊ မီးဘေးကျရောက်ခြင်းများ မရှိပါ။ ကျေးရွာတွင် သဘာဝ ဘေးအန္တရာယ် ကြိုတင်ကာကွယ်မည့် အစီအမံများ၊ စိုက်ပျိုးမွေးမြူရေး နည်း ပညာပေး သင်တန်းများ၊ ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများ လိုအပ် လျက် ရှိပါသည်။

(ဇ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐နိမ့်☐ မရှိ ☑
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့်☑မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐နိမ့်☑ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☑ လတ် ☐ နိမ့်☐မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်☑မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

